# ကူမင်း – ထိုင်းနိုင်ငံပွဲတော်နေ့(၂၀၁၆) ကျင်းပရန် ချောမောစွာ ပြင်ဆင်

မကြာသေးမီရက်ပိုင်းတွင်သတင်းထောက်သည် ကူမင်းမြို့အခြေစိုက်ထိုင်းကောင်စစ်ဝန်ချုပ်ရုံးက ကျင်းပသောသတင်းစာရှင်းလင်းပွဲမှ ရရှိသောသတင်းအရ ကူမင်း-ထိုင်းနိုင်ငံပွဲတော်နေ့ကို မေလ ၁၁ရက်မှ ၁၅ရက်အထိ ကူမင်းမြို့ရှိထုံတယ်•ကူမင်းရင်ပြင်၌ ကျင်းပသွားမည်ဖြစ်ကြောင်းသိရှိရသည်။ လက်ရှိတွင်ပွဲတော်နေ့အတွက် လှုပ်ရှားမှုအသီးသီးများကို ချောမောစွာပြင်ဆင်နေဆဲဖြစ်သည်။

ကူမင်းမြို့အခြေစိုက်ထိုင်းကောင်စစ်ဝန်ချုပ်ဖုံဖူ•ဝမ်ဖီထာရာက မိတ်ဆက်ရှင်းလင်းပွဲကျင်းပခဲ့သည်။ ၎င်းသည်ယနှစ်ကျင်းပမည့် ထိုင်းနိုင်ငံပွဲတော်နေ့တွင် "ထိုင်းစတိုင်လ်ဘုရားပွဲ"ကို ဆောင်ပုဒ်အဖြစ်ကျင်းပသွားမည်ဖြစ်ပြီး နယ်ခံဒေသနှင့်အနီးစပ်ဆုံးသော နည်းလမ်းများဖြင့် ထိုင်းရိုးရာဓလေ့များကို ပြသသွားမည်ဖြစ် ကြောင်း ပြောကြားသည်။

မိတ်ဆက်ခြင်းအရ ၂၀၁၆ ခုနှစ် ကူမင်း-ထိုင်းနိုင်ငံပွဲတော်ရက်အတွင်း ထိုင်းနိုင်ငံဘက်မှ အထူးရွေးချယ်ထားသည့်ဝိသေသပါ ကုန်ပစ္စည်းများရောင်းချပွဲ၊ ထိုင်းနိုင်ငံခရီးသွားမိတ်ဆက်ရှင်းလင်းပွဲ၊ ထိုင်းစားကောင်းသောက်ဖွယ်များမြည်းစားပွဲ၊ ထိုင်းအကဖျော်ဖြေပွဲ၊ ထိုင်းလက်မှုအနုပညာပစ္စည်း ပြုလုပ်မှုသရုပ်ပြပွဲ၊ ထိုင်းနိုင်ငံနာမည်ကျော်အားကစားမင်းသား၊ရုပ်ရှင်၊ရုပ်မြင်သံကြားမင်းသားများက Fansများနှင့် တွေ့ဆုံပွဲစသည့် လှုပ်ရှားမှုများ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ခရီးသည်များအနေနှင့်လည်း ဂိမ်းများထဲပါဝင်ကစားပြီး ကံစမ်းမဲနှိုက်နိုင်ပါကြောင်း၊ ကူမင်း-ဘန်ကောက်အသွားအပြန် လေယာဉ်လက်မှတ်အပါအဝင် ဆုလာဘ်များကိုလည်း စီစဉ်ထားကြောင်း သိရသည်။

သတင်းထောက် – လျှုရမ်ချင်




## ယူနန်သည် တောင်အာရှ၊ အရှေ့တောင်အာရှကျောင်းသားများအတွက် တရုတ်နိုင်ငံသို့လာရောက်ပညာသင်ကြား အရေးပါသောပန်းတိုင်နေရာဖြစ်

၂၀၁၅ခုနှစ်အတွင်း ယူနန်တစ်ပြည်နယ်လုံးတွင် နိုင်ငံခြားသားပညာတော်သင်နှင့်မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းမှ နိုင်ငံခြားသားကျောင်းသားကျောင်းသူများကို သောင်းနှင့်ချီပြီး လက်ခံခဲ့ကြောင်း၊ ကျောင်းသားဦးရေစုစုပေါင်းမှာ (၂.၂)သောင်းကျော်ရှိခဲ့ပြီးဖြစ်ကြောင်းသိရသည်။ ယူနန်ပြည်နယ်သို့ လာရောက်ပညာသင်ကြားသည့်နိုင်ငံခြားကျောင်းသားဦးရေသည် ပြည်ပသို့သွားရောက်ပြီး ပညာသင်ကြားသည့်ဦးရေနှင့် တစ်ပြိုင်တည်း တိုးမြှင့်လာခဲ့သည်။ ၎င်းအနက်အထက်တန်းနိုင်ငံခြားသားကျောင်းသားကျောင်းသူဦးရေစုစုပေါင်းမှာ တရုတ်တစ်ပြည်လုံးရှိပြည်နယ်/ဒေသများအနက် အမှတ်စဉ်(၁၁)ဖြင့် ရပ်တည်နိုင်ခဲ့သည်။ ယူနန်ပြည်နယ်သည် တောင်အာရှအရှေ့တောင်အာရှနိုင်ငံများမှ ကျောင်းသားများအတွက် တရုတ်နိုင်ငံသို့ လာရောက်ပညာသင်ကြားရန် အဓိကထားရွေးချယ်ရာနေရာဖြစ်လာနေဆဲဖြစ်သည်။ နိုင်ငံ့အစိုးရမှစေလွှတ်သည့်၊ မိမိစရိတ်ဖြင့်နိုင်ငံခြားသို့သွားရောက်၍ ပညာသင်ကြားကြသည့်ကျောင်းသားဦးရေသည် တစ်နှစ်ထက်တစ်နှစ် တိုးများလာလျက်ရှိသည်။ မိမိစရိတ်ဖြင့်နိုင်ငံခြားသို့ သွားရောက်ပညာသင်ကြားသည့်လူအုပ်မှာ အသက်အရွယ်ပိုမိုငယ်ရွယ်ပြီး မျိုးစုံသောနိုင်ငံများမှလာရောက်၍ ပညာသင်ကြားသည့် ထူးခြားချက်ပေါ်ထွက်လာ နေဆဲဖြစ်သည်။

"ပြည်တွင်းသို့ခေါ်ယူလာခြင်း"နှင့် "ပြည်ပသို့လျှောက်လှမ်းသွားခြင်း"တို့သည် ပြိုင်တူတိုးမြှင့်လာလျက်ရှိသည်။ ဉာဏ်ပညာခေါ်ယူမှုလုပ်ငန်းလည်း ခြေလှမ်းမှန်မှန် တိုးတက်လာလျက်ရှိသည်။ "(၁၂)ခုမြောက်(၅)နှစ်စီမံကိန်း"ကာလအတွင်း နိုင်ငံခြားပညာရှင်များဖိတ်ခေါ်နိုင်ရန်လုပ်ငန်းသုံး စရိတ်ယွမ်ငွေသန်းပေါင်း(၆၀)ကျော်ကိုထည့်သွင်း၍ အသုံးပြုခဲ့ပြီး နိုင်ငံခြားပညာရှင်ကျောင်းဆရာ(၈၀၀)ကျော်ကို ပြည်တွင်းသို့ဖိတ်ခေါ်လာခဲ့သည်။ နိုဘယ်ဆုရှင်များဖြစ်ကြသည့် မဟာမက်•ယိုနုစ်၊ အောဝင်•နေလ်စသည့် ကမ္ဘာကျော်ပညာရှင်များကို ယူနန်ပြည်နယ်သို့ လာရောက်ပညာဟောပြောရန် ဖိတ်ကြားခဲ့သည်။ ပြည်ပ၌ကျောင်းထောင်မှုလုပ်ငန်းသည် တစ်နိုင်ငံလုံးတွင်ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်ခဲ့သည်။ ဟုန်ဟော်ကောလိပ်သည် ဗီယက်နမ်နိုင်ငံထိုက်ယွမ်တက္ကသိုလ်၌ နိုင်ငံခြားဘွဲ့ကြိုမေဂျာကိုဖွင့်လှစ်ခဲ့သည်။ ယူနန်ဘဏ္ဍာရေးနှင့်စီးပွားရေးတက္ကသိုလ်သည် ထိုင်းနိုင်ငံလန်စီတက္ကသိုလ်နှင့်ပူးပေါင်း၍ ဘန်ကောက်စီးပွားရေးကောလိပ်ကို ဖွင့်လှစ်ခဲ့သည်။ ကူမင်းရူပဗေဒနှင့် အင်ဂျင်နီယာတက္ကသိုလ်သည်ထိုင်းပေါရိမ်တက္ကသိုလ်နှင့် ပူးပေါင်း၍ကူမင်းရူပဗေဒနှင့် အင်ဂျင်နီယာတက္ကသိုလ်-ပေါရိမ်တက္ကသိုလ်တရုတ်ဘာသာနိုင်ငံတကာကောလိပ်ကို ဖွင့်လှစ်ခဲ့သည်။ ကွန်ဖြူးရှပ်ကောလိပ် (စာသင်ကျောင်း)(၁၀)ခုသည်အာဖရိက၊ ဥရောပ၊ မြောက်အမေရိက၊ တောင်အာရှနှင့် အရှေ့တောင်အာရှစသည့် ဒေသများ၌ တည်ထောင်ခဲ့ပြီးဖြစ်သည်။ လွန်ခဲ့သည့်နှစ်များအတွင်း ဟုန်ဟော်ကောလိပ်မှ သီရိလင်္ကာနိုင်ငံ ကိုလမ်ဘိုတက္ကသိုလ်နှင့်ပူးပေါင်း၍ တည်ထောင်ထားသည့် ကွန်ဖြူးရှပ်ကောလိပ်၊ ယူနန်တက္ကသိုလ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာတက္ကသိုလ်နှင့်ပူးပေါင်း၍ တည်ထောင်ထားသည့် ကွန်ဖြူးရှပ်ကောလိပ်တို့ကို အသစ်တိုးလာသည့်အတွက်ယူနန်၏ ပညာသင်ကြားရေးဆိုင်ရာ နိုင်ငံတကာအရှိန်အဝါကို မြှင့်တင်နိုင်ခဲ့သည်။

နိုင်ငံတကာထိပ်တန်းပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုရေးယဉ်ကျေးမှုဖလှယ်မှုများသည်ပြိုင်တူ နက်ရှိုင်းလာနေဆဲဖြစ်သည်။ ပြည်တွင်းပြည်ပတို့မှပူးပေါင်း၍ ဆောင်ရွက်ကြသည့်ပညာသင်ကြားရေးလုပ်ငန်းများသည် အဆက်မပြတ်တိုးတက်လာလျက်ရှိသည်။ လက်ရှိတွင် တစ်ပြည်နယ်လုံးရှိတက္ကသိုလ်၊ ကောလိပ်များ၌ ပြည်တွင်းပြည်ပတို့မှပူးပေါင်း၍ ဆောင်ရွက်ကြသည့်ပညာသင်ကြားရေးစီမံကိန်းများမှာ ဘွဲ့ကြိုပညာအဆင့်နှင့်အထက်စီမံကိန်း(၁၀)ရပ်၊ သက်မွေးပညာအဆင့်စီမံကိန်း (၉)ရပ်တို့ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ယူနန်တက္ကသိုလ်၊ ကူမင်းရူပဗေဒနှင့် အင်ဂျင်နီယာတက္ကသိုလ်စသည့်တက္ကသိုလ်များက ကမ္ဘာတွင်ထိပ်တန်းကျသည့်တက္ကသိုလ်များ၊ သုတေသနဌာနများနှင့်ပူးပေါင်း၍ "အပြည်ပြည်ဆိုင်ရာပူးတွဲသုတေသန စင်တာစူပါအမာလွန်ပစ္စည်းများ ခေတ်မီထုတ်လုပ်မနည်းပညာဆိုင်ရာ နိုင်ငံတကာပူးတွဲသုတေသနစင်တာ"၊ "ဆီလီကွန်ပစ္စည်းနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးစမ်းသပ်ခန်း"၊ "တရုတ်-ကနေဒါကုန်းပြင်မြင့်အင်းအိုင်များသုတေသနဌာန"၊ "ရှားပါးအဖိုးတန်သတ္တုပစ္စည်းနိုင်ငံတကာပူးတွဲသုတေသနစင်တာ"စသည့် နိုင်ငံတကာအဆင့်မီသိပ္ပံနှင့်နည်း ပညာသုတေသနစင်တာများကို တည်ထောင်ခဲ့သည်။ ယူနန်တိုင်းရင်းသားတက္ကသိုလ်သည် အိန္ဒိယယဉ်ကျေးမှု ဆက်ဆံရေးကောင်မတီနှင့်ပူးပေါင်း၍တည်ထောင်ထားသည့် "တရုတ်-အိန္ဒိယယောဂကောလိပ်"သည် အိန္ဒိယနိုင်ငံမှ တရုတ်နိုင်ငံတွင် တည်ထောင်ထားသည့် ပထမခုမြောက်သောယောဂကောလိပ်ဖြစ်သည်။ ယူနန်ရဲမှုးများလေ့ကျင့်ရေးကောလိပ်သည် တရုတ်နှင့်အာဆီယံစသည့် အိမ်နီးချင်းနိုင်ငံရှိရဲတပ်ဖွဲ့ကောလိပ်/သင်တန်းကျောင်းမှကျောင်းအုပ်များဖိုရမ်နှင့် တရားစီရင်မှုစွမ်းရည်တည်ထောင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ လာအိုနိုင်ငံပညာရေးနှင့်အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနတို့နှင့်ပူးပေါင်း၍"တရုတ်-လာအိုဘာသာ အဆင့်မြင့်ဘာသာပြန်များ လေ့ကျင့်ရေးသင်တန်း"၊ "တရုတ်-မြန်မာဘာသာအဆင့်မြင့်ဘာသာပြန်များလေ့ကျင့်ရေးသင်တန်း"တို့ကို အောင်မြင်စွာကျင်းပခဲ့သည်။ "ဟန်ယူချောင်(Chinese bridge)"ကမ္ဘာ့အလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူများတရုတ်ဘာသာပြိုင်ပွဲကို (၄)ကြိမ်ဆက်တိုက်အောင်မြင်စွာ ကျင်းပခဲ့ပြီးနိုင်ငံပေါင်း(၈၀)ကျော်မှအလယ်တန်း၊ အထက်တန်းကျောင်း ကျောင်းသားကျောင်းသူဦးရေ(၁၂၀၀)ကျော်သည် ယူနန်ပြည်နယ်သို့လာရောက်ပြီး ပြိုင်ပွဲထဲပါဝင်တက်ရောက်ခဲ့ကြသည်။ "တရုတ်-အာဆီယံပညာရေးလေ့ကျင့်မွေးထုတ်မှုစင်တာ" သုံးခုတို့သည်တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများအတွက် တရုတ်ဘာသာကျောင်းဆရာများ၊ စိုက်ပျိုးရေးနည်းပညာများ၊ ခရီးသွားလုပ်ငန်း၊ အချက်အပြုတ်အတတ်စသည့်သင်တန်းများကို တက်ကြွစွာပံ့ပိုးကူညီပေးခဲ့သည်။ တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် နည်းလမ်းအမျိုးစုံသော ပညာရေးယဉ်ကျေးမှုဖလှယ်ရန်လှုပ်ရှားမှုများကို လက်ဦးမှုရှိရှိနှင့်ဆောင်ရွက်ခဲ့သည်။

သတင်းစဉ်



တောင်အာရှ၊ အရှေ့တောင်အာရှမှ နိုင်ငံခြားသားပညာတော်သင်များသည်ယူနန်တွင်ပညာသင်ကြားနေစဉ်